အလုပ်ရှာဖွေရေး - ၂

# အလုပ်ရှာရာဝယ်

မာတိကာ


လူတွေ့စစ်မေးခြင်းဆိုင်ရာ လွှမ်းခြုံသုံးသပ်ချက်
ဝတ်စားဆင်ယင်မှုသတိပြု
ဝတ်စုံပုံစံမျိုးစုံ
လူတွေ့စစ်မေးပွဲ မေးခွန်းများ
သဏ္ဌာန်လုပ် လူတွေ့မေးမြန်းခြင်း သိမှတ်ဖွယ်ရာ
သဏ္ဌာန်လုပ် လူတွေ့မေးမြန်းခြင်း မေးခွန်းပုံစံများ




FUTURES THROUGH TRAINING

# UTAH FARMWORKER PROGRAM

# လူတွေ့စစ်မေးခြင်း - လူတွေ့စစ်မေးခြင်းဆိုင်ရာ လွှမ်းခြုံသုံးသပ်ချက်



လူတွေ့စစ်ဆေးရာတွင် အလုပ်ရှင်က အလုပ်လျှောက်သူကို (ကားတစ်စီး မဝယ်မီ) "အစမ်းမောင်း" ကြည့်ချိန် ဖြစ်သည်။ လျှောက်သူ တစ်ဦးနှင့်တစ်ဦးကို နှိုင်းယှဉ်ကြည့်ပြီး လုပ်ရမည့်အလုပ်နှင့် ကုမ္ပဏီအတွက် မည်သူ အကိုက်ဆုံးဖြစ်မည်ကို ချိန်ထိုးရန်သည် အချိန်ကို သုံးသည်။
လူတွေ့စစ်မေးပွဲ၌ အောင်နိုင်သူအဖြစ် ခံယူနိုင်ရန် ပြရုပ်အကောင်းဆုံးဖြစ်အောင် ပြင်ဆင်သွားပါ။ အလုပ်ရှင်က ရှုထောင့်အသွယ်သွယ်မှ သင့်ကို အကဲခတ်နေမည်။

၁။ ပုံပန်း
လိုအပ်သည့်အတတ်ပညာ ကျွမ်းကျင်မှု ရှိပုံပေါက်သူသည် နမူနာပြ အလုပ်သမားဖြစ်ရန် အလားအလာရှိသည်။ သူတို့ပုံပန်းကို ကြည့်လျှင် ဂရုတစိုက် ဝတ်စားပြင်ဆင်ထားပုံအရ ကုမ္ပဏီ၏ပုံသွင်ကို ထင်ဟပ်၍ မည်သို့ကိုယ်စားပြုကြမည်ကို ခန့်တွက်နိုင်သည်။

၂။ လုပ်ရည်ကိုင်ရည်
နမူနာပြ လုပ်သားကို ကြည့်ရှုံဖြင့်ပင် ပိုင်ပိုင်နိုင်နိုင် လုပ်နိုင်ပုံပေါက်ပြီး အလုပ်ကို ထိရောက်စွာ လုပ်နိုင်မည့် လေ့ကျင့်မှု၊ လုပ်ငန်းအတွေ့အကြုံနှင့်/ သို့မဟုတ် အထုံပါမီ ရှိသည်။

၃။ စိတ်နေစိတ်ထား
နမူနာပြ လုပ်သားသည် "တကယ်လုပ်၊ အဟုတ်ဖြစ်သည်၊ ငါဒီအလုပ်ကို လုပ်နိုင်သည်" ဟူသော စိတ်ထားရှိသည်။ အပြုသဘောနှင့် ရှုမြင်သုံးသပ်တတ်ခြင်းသည် လေ့ကျင့်မှုနှင့် အတွေ့အကြုံထက် ပိုပြီး အရေးပါသည်။

၄။ ဘာပဲမေးမေးအဖြေရှိသည်
နမူနာပြလုပ်ထားသည့် ဘယ်မေးခွန်းမျိုးမဆို ယုံကြည်မှုအပြည့်ဖြင့် ရှင်းလင်းပြတ်သားစွာ ဖြေနိုင်သည်။

**အလုပ်အတွက် လူတွေ့စစ်မေးရာသို့ သင့်လက်ကိုင်ဖုန်းကို ယူမသွားနှင့် (ဒါမှမဟုတ် ပိတ်ထားပါ)**

# လူတွေ့စစ်မေးခြင်း - ဝတ်စားဆင်ယင်မှုသတိပြု

ဘယ် လူတွေ့စစ်မေးခြင်းမျိုးအတွက်ဖြစ်စေ လုပ်ငန်းခွင်နှင့် လျော်ညီအောင် ဝတ်စားသွားဖို့ လိုအပ်သည်။ စံပြလုပ်သားပုံပေါက်နေဖို့ လိုသည် သို့မဟုတ်က သင်လုပ်ငန်း ကျွမ်းကျင်လှပါစေ သင်ပြောတာကိုပင် နားစိုက်မည်မဟုတ်။

လူတွေ့စစ်မေးရာသို့ ဝတ်ဆင်သွားရန်ပုံစံများ

**အမျိုးသမီး**

- လုပ်ငန်းပညာရှင်ဆန်ဆန် ထက်အောက်ဆက်ဂါဝန် သို့မဟုတ် အပေါ်အင်္ကျီနှင့် ဘောင်းဘီရှည်ဝတ်စုံ
- နိုင်လွန်ခြေအိတ်ရှည်
- ရှေ့ပိတ်ရှူးဖိနပ်
- ဆံပင်နောက်လှန်ပြီး ဣန္ဒြေသိက္ခာရှိ ထုံးဖွဲ့မှု
- ရိုးရိုးယဉ်ယဉ် မိတ်ကပ်

**အမျိုးသား**

- စီးပွားရေးလုပ်ငန်းဝင်ဝတ်စုံ သို့မဟုတ် တည်တည်ငြိမ်ငြိမ်အဆင် ဘောင်းဘီရှည်
- အခမ်းအနားဝတ် ရှပ်အင်္ကျီအဖြူ (သို့) အရောင်ပျော့
- ဣန္ဒြေရရအဆင်လည်စည်း
- ခြေစွပ်အရောင်ရင့်၊ ရှူးဖိနပ်အရောင်ရင့်
- မုတ်ဆိတ်ကျင်စွယ် အပြောင်ရိတ်ပြီး သေသေသပ်သပ်ခေါင်းဖြီး။



သင်လုပ်လိုသည့်အလုပ်နှင့် လိုက်ဖက်အောင် ဝတ်စားပါ။ လက်ရှိ အလုပ်ဆင်းသည့်ပုံမျိုး ဝတ်မသွားပါနှင့်။

# လူတွေ့စစ်မေးခြင်း - မေးတတ်သည့် မေးခွန်းများ

လူတွေ့စစ်မေးရာ၌ သင်ဖြေဆိုပုံအရ အလုပ်ရှင်က သင့်အကြောင်း ကောင်းစွာသိနိုင်သည်။ လူတွေ့စစ်မေးပွဲ ဝင်ရန်သွားရာ၌ အများက ပြင်ဆင်ခြင်းမရှိဘဲ သွားတတ်ကြရာ ဤအားနည်းချက်က အမြဲပင် ပေါ်လာတတ်သည်။ သင်ဖြေရန် မျှော်မှန်းရသည့် မေးခွန်းများအနက် ခက်ရာခဲဆစ် မေးခွန်းများဖြေဆိုရန် ပွဲမဝင်မီ ပြင်ကကျင့်ပခြင်းက အကောင်းဆုံး ဖြစ်တော့သည်။ ကျင့်သားရသည်နှင့်အမျှ သင်ယုံကြည်မှု ပိုလာမည်ဖြစ်ပြီး သင့်ကို မေးမြန်းသူက ပိုအထင်ကြီးမည့် အလားအလာရှိမည်။

သင်ရင်ဆိုင်ရဖွယ်ရာ အများဆုံး မျှော်လင့်ရသည့်မေးခွန်းခြောက်ခု ဖြေပုံဖြေနည်းနှင့်တကွ ပြထားသည်။ မေးခွန်းဖြေဆိုရာ၌ ပါဝင်သည့် အဆင့်အပိုင်းတို့ကို ကျက်မှတ်ပါ။ ဤသို့ ကျက်မှတ်ထားခြင်းဖြင့် မေးခွန်းအလိုက် ပြီးပြည့်စုံစွာ ဖြေဆိုနိုင်ပြီး မလေ့ကျက်လာသူ တခြားသူတို့အလယ်တွင် သင်ထူးကဲစွာ ပေါ်လွင်သူ ဖြစ်မည်။

| မေးခွန်းပုံစံ | အရိပ်အမြွက်မျှ အကြံပြုချက် | သာဓက |
|---|---|---|
| ၁။ ဟုတ်မဟုတ်/မှန်မမှန် ဖြေရသည့် မေးခွန်းမျိုး။ | မေးတစ်ခွန်း၊ ဖြေတစ်ခွန်း ဟုတ်၊ မဟုတ်ပါ စသဖြင့် ဖြေရုံနှင့် မလုံလောက်ပါ။ အကြောင်းပြချက် တစ်မျိုးမျိုး သိရပါမည်။ အဖြေတွင် နှစ်ပိုင်းရှိသည်။<br>၁။ ဟုတ်၊ မဟုတ် စသည်ဖြေပါ။<br>၂။ ဘာကြောင့်ဆိုတာ ပြောပါ။ | မေး။ သင့်ကို ယုံကြည်အားထား လောက်ရဲ့လား။<br>ဖြေ။ ယုံကြည်အားထားနိုင်ပါတယ်။ အားကိုးအားထားလောက်သူအဖြစ် ဂုဏ်ယူနိုင်အောင်လည်း တကယ် ကြိုးပမ်းပါတယ်။<br><br>**Question:**<br>Are you reliable?<br>**Answer:**<br>Yes, I take pride in making sure I can be counted on. |
| ၂။ အနက်ဖွင့် အဖြေပေးရသည့် မေးခွန်းမျိုး။ | အလုပ်ရှင်တွေက ဒီလို အရည် အသွေးမျိုး လိုချင်တဲ့အတွက် ဒီမေးခွန်းမျိုး မေးလေ့ရှိကြပါတယ်။ အဖြေတွင် နှစ်ပိုင်းရှိသည်။<br>၁။ ဒီစကားလုံးက ဘာကို ဆိုလိုတယ်ဆိုတာ ဖွင့်ဆိုပါ။<br>၂။ သင့်မှာ ဒီအရည်အသွေးနဲ့ ဘာကြောင့် ပြည့်စုံတယ်ဆိုတာ ရှင်းပြပါ။ | မေး။ ပြောင်းလွယ် ပြင်လွယ် ရှိတယ် ဆိုတာ ဘယ်လို နားလည်သလဲ။<br>ဖြေ။ ပြောင်းလွယ် ပြင်လွယ် ရှိတယ် ဆိုတာဟာ လိုအပ်လာလျှင် လိုအပ်တာနဲ့ အညီ လုပ်ပေးနိုင်တာလို့ နားလည်ပါတယ်။ ကျွန်တော်ဟာလည်း ပြောင်းလွယ် ပြင်လွယ်သူ တစ်ဦးပါ။ ဘာပဲ ခိုင်းခိုင်း ဘယ်အချိန်ခိုင်းခိုင်း လုပ်ပေးဖို့ အသင့်ပါပဲ။<br><br>**Question:**<br>What does flexibility mean to you?<br>**Answer:**<br>Flexibility means being able to work whenever I am needed, and doing whatever activities are needed. I am a very flexible person and will do whatever you need me to do, whenever you need me to do it. |

# လူတွေ့စစ်မေးခြင်း - မေးတတ်သည့် မေးခွန်းများ

| | | |
|---|---|---|
| ၃။ အားအသန်ဆုံးအရာ/<br>အကောင်းဆုံးဂုဏ်ပုဒ်/<br>အကောင်းဆုံး<br>အရည်အသွေး/သင့်ကို<br>ဘာအတွက်ကြောင့်<br>အလုပ်ခန့်သင့်သလဲ/<br>ဒီကုမ္ပဏီ အတွက် သင်<br>ဘာလုပ်ပေးနိုင် သလဲ။ | သင် ဘယ်လောက်တော်တယ် ပြောဖို့<br>အခွင့်အလမ်းပါပဲ။ ဘယ်လောက်<br>ဂုဏ်ရှိန် ကြီးမြင့်တယ်ဆိုတာ<br>ပြောပြဖို့ ပြင်ဆင်ထားပါ။ ဒါပေမဲ့<br>မေးသူက သင်ပြောတာကို<br>နားမစိုက်တော့လို့သိတာနဲ့ ရပ်ဖို့ ပြင်ပါ။ | မေး။ သင့်အကောင်းဆုံး ဂုဏ်ပုဒ်က ဘာလဲ။<br>ဖြေ။ ကျွန်တော် ပင်ပင်ပန်းပန်း<br>လုပ်နိုင်ပါတယ်။ ဝန်ပင့်ယာဉ်<br>မောင်းနိုင်ပါတယ်။ ကွန်ပျူတာ<br>အခြေခံလုပ်ငန်း ကျွမ်းပါတယ်။ (စာဖြင့်)<br><br>**Question:**<br>What is your best attribute?<br>**Answer:**<br>I am a hard worker who can operate a forklift, do basic computer functions.... (and so on) |
| **4.**<br>**Biggest Weakness Questions** | There are two different types of interviewers. One that wants you to admit that you have weaknesses and one that doesn't. To make both types of people happy, use a three step answer:<br>1. Tell what weakness you had.<br>2. Tell what you have done to improve it.<br>3. Tell why it is not a weakness anymore. | **Question:**<br>What is your biggest weakness?<br>**Answer:**<br>I used to be very shy, so I made a goal to talk to at least two new people a day. I did that until I wasn't afraid to talk to new people anymore. So now, it's not a problem like it used to be. |
| **5.**<br>**Prior Conflict/Problem Questions** | The way you answer this shows how you handle interpersonal problems.<br><br>This is a three step answer:<br>1. Define the situation/problem.<br>2. Tell what you did to improve it.<br>3. Tell how your actions made the situation/problem better. | **Question:**<br>Tell me about a time when you had a problem with people you worked with?<br>**Answer:**<br>Some of the people I worked with would get together and talk bad about other people we worked with. One day at lunch, several of the people started this gossiping. I told them that I didn't think it was proffessional, and that I had a hard time respecting anyone who did this. I told them that if I were to hear any more then I would tell the supervisor. Because I did this, the group stopped talking about other people around me. |
| **6.**<br>**Situational Questions** | Employers ask these questions to see if you can handle situations that are common in the type of work they do. The best way to prepare for this type of question, is to talk to other people who are doing the kind of work you are interviewing for, and get their feedback. | **N/A** |

# သဏ္ဍာန်လုပ် လူတွေ့မေးမြန်းခြင်း သိမှတ်ဖွယ်ရာ

လူတွေ့စစ်မေးတာဟာ ကျွမ်းကျင်ရာ လိမ္မာဆိုသလိုပါပဲ။ ကျွမ်းကျင်မှုတစ်ရပ်ဖြစ်တာနဲ့အညီ လေ့ကျင့်လေလေ တော်လေပါပဲ။ သင်လူတွေ့စစ်မေးပွဲမှာ အောင်မြင်လိုလျှင် လူတွေ့စစ်ဆေးမှု ပိုပြီးကျွမ်းကျင်လာအောင် တစ်ခါထက်တစ်ခါ ပိုကောင်းအောင် လေ့ကျင့်ပေးဖို့ လိုပါတယ်။

မေးလာတဲ့မေးခွန်းတွေ ဖြေနိုင်အောင် လေ့ကျင့်ဖို့လိုသလို လူတွေ့စစ်မေးပွဲမှာ ကယ်တင်မယ်ဆိုရင် ကယ်တင်ပေးနိုင်ပြီး အရှုံးပေါ်စေမယ်ဆိုရင်လည်း ရှုံးပွဲဖြစ်စေနိုင်တဲ့ တခြားကိစ္စတွေပါ သိပြီး လေ့ကျင့်ထားဖို့ လိုပါတယ်။

၁။ ပုံပန်း
ခေါင်းလျှော်ပြီး ဆံပင်ကိုဖြီးထားပါ။
အနံ့အသက်ကောင်းအောင် ရေပန်းနဲ့ ရေချိုးပြီး သွားတိုက်ပါ။ အနံ့အသက်ပျောက်ဆေး လိမ်းကျံပြီး ရေမွှေးဆွတ်မယ်ဆိုရင်တော့ သင်းပျံ့ပျံ့ အနံ့မပြင်းတဲ့ ရေမွှေးမျိုး သုံးပါ။
အဝတ်အစားဝတ်ရာမှာလည်း လျှော်ဖွတ်ပြီး မီးပူထိုးထားတဲ့ လုပ်ငန်းနဲ့လိုက်ဖက်တဲ့အဝတ်မျိုး ဖြစ်ရပါမယ်။ ပေါင်းရုံးဆိုရရင်တော့ လုပ်ငန်းနဲ့လိုက်မဲ့ ဂိုက်ကောင်းဖို့ လိုသလို ရနံ့ကောင်းဖို့လည်း လိုပါတယ်။ အမျိုးသားများ မုတ်ဆိတ်ကျင်စွယ်ရိတ်ပါ၊ အမျိုးသမီးများ နားကွင်းသေးသေးပန်ပြီး ကြွေရရ မိတ်ကပ်ခြယ်မှုန်းကြပါ။

၂။ လက်ဆွဲနှုတ်ဆက်ခြင်း
လူတွေ့စစ်မေးပွဲ ဝင်တဲ့အချိန်နဲ့ ပြီးဆုံးလို့ပြန်ထွက်ရာမှာ လက်ဆွဲနှုတ်ဆက်ရမှာပါ။ လက်ဆွဲနှုတ်ဆက်ရာမှာ မြဲမြဲမြံမြံ ဆုပ်ကိုင်ပြီး ယုံကြည်မှုရှိကြောင်းပြကာ ဆုပ်ကိုင်လှုပ်ယမ်းရင်း တစ်ဖက်လူမျက်စိကို တည့်မတ်စွာ ကြည့်ရပါမယ်။ သင်လက်ဆွဲနှုတ်ဆက်ပုံကို ကြည့်ပြီး အကဲဖြတ်ကြပါလိမ့်မယ်။ ဒါကြောင့် ရင်းနှီးလွန်းရာကျပြီး တည်တည်ခံ့ခံ့ လုပ်ငန်းခွင်ဝန်းကျင်နဲ့ မဆီလျော်တဲ့ လက်နှစ်ဖက်စလုံးဖြင့် လက်ဆွဲနှုတ်ဆက်တာမျိုး၊ ပျင်းရိပျင်းတွဲ အားမရှိပုံ၊ မဝံ့မရဲဖြစ်ပုံပေါက်စေတဲ့ ပျော့အိပျော့ဖပ် ဆုပ်ကိုင်တာမျိုး ဖြစ်စေ၊ ကိုယ်က သူ့ထက် အားသန်တာကိုပြပြီး လွှမ်းလိုတဲ့သဘော ရှိတယ်လို့ မေးမြန်းသူကို အထင်ရောက်စေမည့် တအားဖျစ်ညှစ် တာမျိုး ဖြစ်စေ ရှောင်ပါ။ အခန်းထဲမှာ တစ်ဦးမက ရှိနေရင်လဲ ဝင်လာချင်းနဲ့ ပြန်ထွက်ခွာရာမှာ အားလုံးကို လက်ဆွဲနှုတ်ဆက်ဖြစ်ပါစေ၊ မြဲမြဲမြံမြံ ဆုပ်ကိုင်တဲ့အကျင့်ရအောင် မိတ်ဆွေများ၊ မိသားစုဝင်များနဲ့ လေ့ကျင့်ပါ။

၃။ အကြည့်ချင်း ဆုံပေးပါ
မေးခွန်းများ ဖြေကြားရာမှာ မေးမြန်းသူရဲ့ မျက်လုံးကို တည့်တည့်ကြည့်ပြီးဖြေပါ။ မျက်လုံးချင်းမဆိုင်တဲ့လူကို အလုပ်ရှင်က မယုံစားတတ်လို့ အလုပ်လည်း ခန့်မည် မဟုတ်ပါ။ ဟိုဟိုဒီဒီ မျက်လုံးကစားတာ၊ မျက်လွှာချပြီး



ကိုယ့်လက်ကိုယ့်ခြေကို ကြည့်နေတာ၊ မေးမြန်းသူ အမျိုးသမီးရဲ့ရင်ကို ကြည့်တာ၊ မေးသူရဲ့ခေါင်းပေါ် ကျော်ကြည့်တာမျိုး ရှောင်ပါ။ မေးမြန်းသူတစ်ဦးထက်ပိုပြီး ရှိနေလျှင် စစချင်း မေးသူကို မျက်လုံးချင်းဆိုင်ပြီး ဖြေပြီးကာမှ ဆက်ဖြေရင်း ကျန်တဲ့သူတွေပဲ တစ်ဦးချင်းကြည့်ပြီး နိဂုံးချုပ်ရာမှာတော့ မေးခွန်းမေးသူနဲ့ မျက်လုံးချင်း ဆိုင်ဖြစ်အောင် ဆိုင်လိုက်ပါ။

၄။ ပြုံးပါ
လူတွေ့စစ်မေးနေစဉ် တစ်လျှောက်လုံး ပြုံးပြုံးရွှင်ရွှင်နေဖို့လိုသည်။ သင်ပြုံးပြုံးရွှင်ရွှင်ဖော်ဖော်ရွေရွေ ရှိလျှင် အဖြေမှားပေးမိသည်ဖြစ်စေ၊ အခြားပြဿနာပေါ်သည်ဖြစ်စေ ခွင့်လွှတ်ကြလိမ့်မည်။ သင့်ဘာသာ မှန်ရှေ့တွင် အမေးအဖြေလုပ်ရင်း စမ်းကြည့်နိုင်သည်။ မှန်ကိုသတိထားကြည့်ပေးခြင်းဖြင့် အဖြေပေးစဉ် အခါတိုင်း ပြုံးနေ၊ မနေ စစ်ဆေးကြည့်နိုင်သည်။ ဖြေနေစဉ် မပြုံးမိလျှင်

နောက်တစ်ကြိမ်ဖြေရင် ပြီးတတ်အောင် လေ့ကျင့်ပါ။ လူတွေ့စစ်ဆေးခြင်းအတွက် အခြားကိစ္စ မပိုင်နိုင်ချင်ရှိပါစေ ပြီးပြီးရှင်ရှင်အစလေ့ကိုတော့ မလွတ်တမ်းပိုင်နိုင်ပါစေ။

၅။ ကိုယ်အနေအထား
ထိုင်ရာတွင် မတ်မတ်ထိုင်ပါ။ ပျော့အိပျော့ခွေ မထိုင်ပါနှင့်။ ကိုယ်ဟန်မတ်မတ်ထားရန် ခြေဖဝါးနှစ်ဖက်ကို ကြမ်းပေါ်တွင် ယှဉ်လျက် အပြားလိုက် ရှေ့တွင်ထားပါ။ ပျော့အိပျော့ခွေနေလျှင် လူပျင်းဟု သတ်မှတ်ကြပြီး ကိုယ့်ကိုယ်ကိုယ် လေးစားမှုမရှိသူဟု မှတ်ယူကြလိမ့်မည်။

၆။ ကိုယ်လက်အမူအရာ
သင်သည် ထိုင်သည့်အခါ မေးမည့်သူကို မျက်နှာမူပြီး လက်နှစ်ဖက် ဘေးချထားသင့်သည်။ သင့်ပါးစပ်က ဘာပဲပြောနေပါစေ သင့်ကိုယ်ဟန်အမူအရာက ကိုယ့်ကိုယ်ကိုယ် မယုံကြည်ခြင်း၊ ငြီးငွေ့ ပျင်းရိပုံ စသည့် အခြားအပြုသဘော မဆောင်သည့် စိတ်ခံစားမှု ဖော်ပြနေလျှင် လေကုန်ရုံသာ အဖတ်တင်မည်။ သို့ဖြစ်၍ အောက်ပါကိုယ်ဟန်အမူအရာ မလုပ်မိအောင် ရှောင်ရှားပါ။

- လက်နှစ်ဖက်ကို ရှေ့တွင်ယှက်ထားခြင်း၊ လက်ပိုက်ထားခြင်း။
- လက်နှစ်ဖက် ပေါင်ပေါ်တွင် ယှဉ်လျက် အတူထားခြင်း။
- မေးသူကို မျက်နှာလွှဲခြင်း၊ ကိုယ်တစောင်းလှည့်ထားခြင်း။
- သင့်ဆံပင်၊ အဝတ်အစား၊ လက်ဝတ်ရတနာ၊ လက်ချောင်းများ အခြား သင်နှင့်ပါလာသည့် ပစ္စည်းတစ်ခုခုနှင့် ဆော့ကစားခြင်း။
- ကုလားထိုင်ကို ရှေ့နောက် ဘယ်ညာလှုပ်ယမ်း လှည့်ကစားခြင်း။
- လက်ချောင်းများ၊ အခြားအရာဝတ္ထုတို့နှင့် တဒေါက်ဒေါက် ခေါက်နေခြင်း။
- ဖိနပ်ခုံဖြင့် ကြမ်းပြင်ကို တောက်တက်၊ တောက်တက် ပုတ်တီးခတ်ခြင်း။
- ဘောပင် ဖွင့်ချီပိတ်ချီ လုပ်ခြင်း။
- ခြေထောက်တစ်ချောင်းနှင့်တစ်ချောင်း ယှက်ထားခြင်း။
- ကုလားထိုင်ပေါ်၌ ပျော့အိပျော့ခွေ ထိုင်နေခြင်း။
- ဖိမ်ကျကျ နပ်နေခြင်း။
- ရယ်မောကာ "အာ့" ဟု အသံပြုခြင်း။



## ၁။ ဟုတ်၊ မဟုတ် စသည် ဖြေရသော မေးခွန်းမျိုး

| | | |
|---|---|---|
| Questions; Choose 1:<br>မေးခွန်းတစ်ခု ရွေးချယ်ပါ။<br>Are you patient?<br>သင်စိတ်မှန်ပါသလား။<br>Are you good with people?<br>လူအများနှင့် ဆက်ဆံရေး ပိုင်နိုင်ပါသလား။<br>Are you reliable?<br>သင့်ကို ယုံကြည်အားထားလောက်ရဲ့လား။ | ၁။ ဟုတ်မဟုတ် ဖြေပါ။<br>၂။ ဘာကြောင့်ဆိုတာ ရှင်းပြပါ။<br><br>နမူနာမေးခွန်း။ သင့်ကို ယုံကြည်အားထားလောက်ရဲ့လား။<br>အဖြေ။ ဟုတ်ကဲ့၊ ယုံကြည်အားထားလောက်ပါတယ်။<br>အားကိုးအားထားထောက်ကူအဖြစ် ဂုဏ်ယူနိုင်အောင် တကယ် ကြိုးပမ်းပါတယ်။<br><br>Example Question: Are you reliable?<br>Answer: Yes, I take pride in making sure I can be counted on. | ရမှတ် ၀-၁၀<br><br>အမှတ်ပြည့်ရရန် အဆင့်အပိုင်းအားလုံး ဖြေရမည်။<br><br>ပြည့်စုံကုံလုံသည့်အဖြေအတွက် ၁၀။ ထိုထက် ပိုကောင်းနိုင်သည် မရှိ။<br><br>အဆင့်အပိုင်းအားလုံး ဖြေရမည်။<br><br>ပြည့်စုံကုံလုံသည့်အဖြေအတွက် ၁၀။ ထိုထက် ပိုကောင်းနိုင်သည် မရှိ။ |
| မှတ်စု | | ရမှတ် |

## ၂။ အနက်ဖွင့်ရသည့် မေးခွန်းမျိုး

| | | |
|---|---|---|
| Questions; Choose 1:<br>မေးခွန်းတစ်ခုကို ရွေးပါ။<br>What does detail-oriented mean to you?<br>အသေးစိတ် အလေးပေးမှု ဆိုတာ တို့ သင်ဘယ်လို နားလည်သလဲ။<br>What does hard-working mean to you?<br>အားကြိုးမာန်တက် အလုပ်လုပ်တယ် ဆိုတာကို သင် ဘယ်လို နားလည်သလဲ။<br>What does flexibility mean to you?<br>ပြောင်းလွယ် ပြင်လွယ် ရှိတယ် ဆိုတာကို သင် ဘယ်လို နားလည် သလဲ။ | ၁။ ဒီစကားလုံးက ဘာဆိုလိုတယ်ဆိုတာ ဖွင့်ဆိုပါ။<br>၂။ သင့်မှာ ဘာကြောင့် ဒီလိုအရည်အသွေးနဲ့ ပြည့်စုံတယ်ဆိုတာ ရှင်းပြပါ။<br><br>နမူနာမေးခွန်း ပြောင်းလွယ်ပြင်လွယ်ရှိတယ် ဆိုတာကို သင်ဘယ်လိုနားလည်သလဲ။<br><br>အဖြေ။ ပြောင်းလွယ်ပြင်လွယ်ရှိတယ်ဆိုတာ လိုအပ်လာလျှင် လိုအပ်တာနဲ့အညီ လုပ်ပေးနိုင်တာ လို့ နားလည်ပါတယ်။ ကျွန်တော်ဟာလည်း ပြောင်းလွယ်ပြင်လွယ်သူတစ်ဦးပါ။ ဘာပဲခိုင်းခိုင်း၊ ဘယ်အချိန်ခိုင်းခိုင်း လုပ်ပေးဖို့ အသင့်ပါပဲ။<br><br>Example Question: What does flexibility mean to you?<br><br>Answer: Flexibility means being able to work whenever I am needed, and doing whatever activities are needed. I am a very flexible person and will do whatever you need me to do, whenever you need me to do it. | ရမှတ် ၀-၁၀<br><br>အမှတ်ပြည့်ရရန် အဆင့်အပိုင်းအားလုံး ဖြေရမည်။<br><br>ပြည့်စုံကုံလုံသည့်အဖြေအတွက် ၁၀။ ထိုထက် ပိုကောင်းနိုင်သည် မရှိ။ |
| မှတ်စ | | ရမှတ် |

| ၃။ အားအသန်ဆုံးအရာ/အကောင်းဆုံးဂုဏ်ပုဒ်/အကောင်းဆုံးအရည်အသွေး/သင့်ကိုတို့က ဘာကြောင့်အလုပ်ခန့်သင့်သလဲ/ ဒီကုမ္ပဏီအတွက် သင်က ဘာလုပ်ပေးနိုင်မလဲ မေးခွန်းမျိုး။ | | |
|---|---|---|
| Questions; Choose 1:<br>မေးခွန်းတစ်ခု ရွေးချယ်ပါ။<br>What is your best attribute?<br>သင့်အကောင်းဆုံး ဂုဏ်ပုဒ်က ဘာလဲ။<br>What is your biggest strength?<br>သင်အားအသန်ဆုံးက ဘာလဲ။ | ဖြေသူက အမှတ်တစ်စုံတစ်ရာ ရရှိနိုင်ရန် အချက်အလက် အနည်းဆုံး ၅ ခု ဖော်ပြရမည်။<br>နမူနာမေးခွန်း<br>လမ်းအကောင်းဆုံး ဂုဏ်ပုဒ်က ဘာလဲ။<br><br>အဖြေ။ ကျွန်တော် ပင်ပင်ပန်းပန်း လုပ်နိုင်ပါတယ်။ ဝန်ပင့်ယာဉ် မောင်းနိုင်တယ်။ ကွန်ပျူတာအခြေခံလုပ်ငန်း ကျွမ်းပါတယ် (စသဖြင့်)<br><br>Example Question:<br>What is your best attribute?<br><br>Answer: I am a hard worker who can operate a forklift, do basic computer functions.... (and so on) | ရမှတ် ၀-၁၀<br><br>အမှတ်ပြည့်ရရန် အဆင့်အပိုင်းအားလုံး ဖြေရမည်။<br><br>ပြည့်စုံကုံလုံသည့်အဖြေအတွက် ၁၀။ ထိုထက် ပိုကောင်းနိုင်သည် မရှိ။ |
| မှတ်စ | | ရမှတ် |



## ၄။ အကြီးဆုံးသော အားနည်းချက် မေးခွန်းမျိုး

| | | |
|---|---|---|
| What is your biggest weakness?<br>သင်နှင့်အကြီးဆုံးအားနည်းချက်က ဘာလဲ။<br>If Criminal History - ask this too:<br>What where you sent to prison/ jail for?<br>ပြစ်မှုကျူးလွန်သည့် ရာဇဝင်ရှိလျှင် သည်လိုလည်း မေးပါဦး။<br>OR<br>What were you convicted of?<br>ဘာ၊ ဘယ်ကို ထောင်ဒဏ်ကျခံရန် ပို့သနည်း။ ဘာအတွက်လဲ။<br>(သို့မဟုတ်) ဘာပြစ်မှုနဲ့ သင် ပြစ်ဒဏ်စီရင်ခြင်း ခံရသလဲ။ | ၁။ သင် ဘာအားနည်းချက် ရှိတယ် ဆိုတာ ပြောပြပါ။<br>၂။ ဒီအားနည်းချက်ကို ကျော်လွှား နိုင်ဖို့ ဘယ်လိုလုပ်ခဲ့တာကို ပြောပြ ပါ။<br>၃။ အခု ဒီအားနည်းချက်မရှိတော့ ကြောင်း ပြောပြပါ။<br><br>နမူနာမေးခွန်း<br>သင့်မှာ အကြီးဆုံး အားနည်းချက်က ဘာလဲ။<br>အဖြေ။ ကျွန်တော်၊ ကျွန်မ သိပ်ရှက်တတ်ပါတယ်။ ဒါကြောင့် နေ့တိုင်းမျက်နှာသစ်နှစ်ဦးနဲ့ စကားပြောဖို့ သန္နိဋ္ဌာန် ချလိုက်ပါတယ်။ ဒါကြောင့် (လူစိမ်း) တွေ့လို့ စကားမပြောရဲတာ ပျောက်ကင်းသွားပါပြီ။ အရင်ကလို ပြဿနာ မဟုတ်တော့ပါ။<br><br>Example Question: What is your big-gest weakness?<br>Answer: I used to be very shy, so I made a goal to talk to at least two new people a day. I did that until I wasn't afraid to talk to new people anymore.<br>So now, it's not a problem. | ရမှတ် ၀-၁၀<br><br>အမှတ်ပြည့်ရရန် အဆင့်အပိုင်းအားလုံး ဖြေရမည်။<br><br>ပြည့်စုံကုံလုံသည့်အဖြေအတွက် ၁၀။ ထိုထက် ပိုကောင်းနိုင်သည် မရှိ။ |
| မှတ်စ | | ရမှတ် |

| ၅။ ယခင်ကြုံခဲ့ရသည့် ဝိရောဓိ၊ ပြဿနာဆိုင်ရာမေးခွန်းမျိုး | | |
|---|---|---|
| Question: Choose 1:<br>မေးခွန်းတစ်ခုကို ရွေးပါ။<br>Tell me about a time when you had a disagreement with some of your coworkers.<br>သင့်လုပ်ဖော်ကိုင်ဖက်များနှင့် သင်ကြုံခဲ့ရသော ပြဿနာအကြောင်း ပြောပြပါ။<br>Tell me about a time you weren't trained and had to figure a task out on your own.<br>သင် မလေ့ကျင့်ရသေးသော လုပ်ငန်းတာဝန်တစ်ရပ်ကို ပေးသည့်အခါ တစ်ချိန်က သင့်ဘာသာ ဘာလုပ်ရမည်ကို တွက်ချက် ဖော်ထုတ်ခဲ့ရပုံကို ပြောပြပါ။ | ၁။ အခြေအနေ ဖွင့်/ပြဿနာက ဘာလဲဆိုတာကို ဖွင့်ဆိုပါ။<br>၂။ သင် အရေးယူဆောင်ရွက်ခဲ့ပုံကို ပြောပြပါ။<br>၃။ သင် ဖြေရှင်းပေးသည့်အတွက် အခြေအနေ တိုးတက်ကောင်းမွန်လာပုံ၊ ပြဿနာ ပြေလည်သွားပုံကို ပြောပြပါ။<br><br>နမူနာမေးခွန်း။ သင့် လုပ်ဖော်ကိုင်ဖက်များနှင့် သင်ကြုံခဲ့ရသော ပြဿနာအကြောင်း ပြောပြပါ။<br>အဖြေ။ လုပ်ဖော်ကိုင်ဖက်အချို့က အခြားသူတွေနဲ့ ပတ်သက်တဲ့ အတင်းအဖျင်းတွေကို ဝိုင်းဖွဲ့ ပြောလေ့ရှိပါတယ်။ နေ့လယ်စာစားစဉ် တစ်ချိန်မှာ အတင်းအဖျင်းတွေ ပြောတဲ့အခါ ကျွန်တော်/ကျွန်မက ဒီလိုပြောတာ အလုပ်နဲ့ ဂုဏ်ဒြပ်ကို သိမ်ငယ်စေပြီး ဒီလိုပြောတဲ့လူမျိုးကို လေးစားရမှာခက်လို့ ဆက်ပြောနေရင် ကြီးကြပ်ရေးမှူးကို တိုင်မယ်လို့ပြောလိုက်တယ်။ တကယ်တိုင်ပြောလိုက်တော့ သူတို့အတင်းတွေ အပြောရပ်သွားပါတယ်။<br><br>Example Question: Tell me about a time when you had a problem with people you worked with?<br>Answer: Some of the people I worked with would get together and talk bad about other people we worked with. One day at lunch, several of the people started this gossiping. I told them that I didn't think it was proffesional, and that I had a hard time respecting anyone who did this. I told them that if I were to hear any more then I would tell the supervisor. Because I did this, the group stopped talking about other people around me. | ရမှတ် ၀-၁၀<br><br>အမှတ်ပြည့်ရရန် အဆင့်အပိုင်းအားလုံး ဖြေရမည်။<br><br>ပြည့်စုံကုံလုံသည့်အဖြေအတွက် ၁၀။ ထိုထက် ပိုကောင်းနိုင်သည် မရှိ။<br><br>ရမှတ် |
| မှတ်စ | | |

## ၆။ လုပ်ငန်းခွင် အခြေအနေဆိုင်ရာ မေးခွန်းမျိုး

| Questions: Choose 1<br>မေးခွန်းတစ်ခုကို ရွေးပါ။ | (ကြုံရသည့် ဝိရောဓိ/ပြဿနာဆိုင်ရာ မေးခွန်းဖြေရာတွင်ကဲ့သို့ အဆင့် ၃ ဆင့်ပိုင်း၍ဖြစ်စေ၊ လုပ်ငန်းသတ်မှတ်ချက်ကို မူတည်၍ ခပ်တိုတိုဖြစ်စေ ဖြေနိုင်သည်) | ရမှတ် ၀-၁၀<br><br>ပြည့်စုံကုံလုံသည့်အဖြေအတွက် ၁၀။ ထိုထက် ပိုကောင်းနိုင်သည် မရှိ။ |
|---|---|---|
| A co-worker tells you that he/she wants you to clock out for him/her because he/she is going to a movie.<br>လုပ်ဖော်ကိုင်ဖက်တစ်ဦးက သင့်ဆီလာပြီး ကျွန်တော်/ကျွန်မအတွက် အလုပ်ဆင်းချိန် နာရီကို မှတ်စက်မှာ ရိုက်သွင်းပေးပါ။<br>What do you do?<br>ကျွန်တော်/ကျွန်မ ရုပ်ရှင်သွားမလို့ပါလို့ ဆိုလာရင် သင်ဘာလုပ်မည်နည်း။<br>A customer gets very angry and starts screaming about how unfair your company is to him/her. What do you do?<br>သင်တို့ ကုမ္ပဏီကို အားပေးသူတစ်ဦးက ဒေါသူပုန်ထပြီး ကုမ္ပဏီက သူ့ကိုဘယ်လောက် မတရား ဆက်ဆံသလဲဆိုပြီး ဟစ်အော်သောင်းကျန်းလာလျှင် သင်ဘာလုပ်မည်နည်း။ | | |

မှတ်စ

ရမှတ်